အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

Human Rights in Myanmar

အတွဲ ၁ အမှတ် ၂၆ ၄ ဇန်နဝါရီ ၂၀၂၃

Asia-Pacific Region အွန်လိုင်း လူထုတွေ့ဆုံပွဲအား ဒုတိယဝန်ကြီး တက်ရောက်ဆွေးနွေး

နွေဦးတော်လှန်ရေးနှင့် မြန်မာ့ဖက်ဒရယ် ပြည်ထောင်စု အရေးပြုလုပ်သည့် Asia-Pacific Region အွန်လိုင်း လူထုတွေ့ဆုံပွဲအား အမျိုးသားညီညွတ်ရေးအစိုးရ-NUG၊ လူ့အခွင့်အရေး ဆိုင်ရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ခွန်းဗဟန်းထန် တက်ရောက်ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါ လူထုတွေ့ဆုံပွဲအား CRPH/NUG Support Group – Australia က ဦးဆောင်၍ ဒီဇင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ကာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြု ကော်မတီ - CRPH ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ NUG ပြည်ထောင်စုဝန်ကြီးများ ဖြစ်သည့် ဒေါ်ဇင်မာအောင် (နိုင်ငံခြားရေး)၊ ဦးတင်ထွန်းနိုင် (စီမံ/ဘဏ္ဍာ/ရင်းနှီးမြှုပ်နှံ)၊ ဦးနိုင်ထူးအောင် (အမြဲတမ်း အတွင်းဝန်၊ ကာကွယ်ရေး) အပါအဝင် NUG ၏ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်များအပြင် နိုင်ငံတကာရောက် တော်လှန်ရေး အင်အားစုများလည်း တက်ရောက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြိုင်မြို့နယ်၊ ရွှေဘုံသာနှင့် ဖွားစောကျေးရွာ၊ ကူးတို့ကုန်းကျေးရွာအုပ်စု လေ့တင်ဦးကျေးရွာ မီးရှို့သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဆက်သွယ်မေးမြန်းခြင်း
စာ ၆ သို့

မိဘပြည်သူများခင်ဗျာ…

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



“တိုက်တွန်းမှုနဲ့ မလုံလောက်ရင် အမြန်ဆုံးရပ်တန့်ဖို့ ဘယ်နည်းသုံးပြီးတော့ အရေးယူ ဝင်ရောက်တားဆီးနိုင်မလဲဆိုတဲ့ လမ်းကြောင်းကို အခုကာတည်းက ပြောဆိုထားပါတယ်”

ဒီဇင်ဘာ ၂၃

“ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်က အကြမ်းဖက်စစ်ကောင်စီကို လူ့အခွင့်အရေးဆိုင်ရာ ကျူးလွန်တာတွေ အမြန်ဆုံးရပ်တန့်ဖို့၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့၊ မတရား ရက်စက်ယုတ်မာနေတဲ့ မတရားမှုတွေရပ်တန့်ဖို့၊ မြန်မာနိုင်ငံက ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်ရောက်အောင် လုပ် ဆောင်သွားဖို့ဆိုတာတွေပါ ပါတယ်။

အကြမ်းဖက် စစ်ကောင်စီကို ဒီအချက်တွေ တိုက်တွန်းတာဖြစ်သလို ကမ္ဘာ့နိုင်ငံအသီးသီးကလည်း အာဆီယံအသင်းနဲ့အတူ မြန်မာနိုင်ငံတွင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ၊ တရားမျှတမှု ဖော်ဆောင်မှုဖြစ်ပေါ်လာဖို့အတွက် ဝိုင်းဝန်းလုပ်ဆောင်ရမယ်လို့ တိုက်တွန်းထားတာဖြစ်ပါတယ်။ ဒီတိုက်တွန်းချက်တွေကို နိုင်ငံတွေကနေ လေးစားလိုက်နာဖို့လိုအပ်ပါတယ်။ လေးစား လိုက်နာမှုမရှိပဲနဲ့ ဆက်လက်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိရင် ဖော်ထုတ်ဖို့ ဒါတွေက ကျွန်တော်တို့ လုပ်ဆောင်နေကျ လုပ်ငန်းတွေဖြစ်ပါတယ်။

လူထုတွေ့ဆုံပွဲ၌ နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည့် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေး၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ - NUCC ၌ NUG၊ CRPH နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင် ရွက်မှု၊ အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်ပါ နိုင်ငံရေး လမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် အကြမ်းဖက်စစ်ကောင်စီ၏ အတုအယောင် ရွေးကောက်ပွဲအပေါ် တုံ့ပြန်မှုနှင့် ပတ်သက်သည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကာ တက်ရောက်သူများ သိလိုသည်များကိုလည်း ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

အဲ့ဒီလို တိုက်တွန်းထားတဲ့အတိုင်း လုပ်ဆောင်သင့်ရဲ့သားနဲ့ နိုင်ငံတကာက လုပ်ဆောင်ဖို့ ပျက်ကွက်တဲ့အခါမှာ မပျက်ကွက်ဖို့အတွက် မြန်မာပြည်ကလူတွေရဲ့ ဒုက္ခရောက်နေတာတွေကို အမြန်ဆုံး ရပ်တန့်ဖို့၊ အမြန်ဆုံး လုပ်ဆောင်ဖို့ တိုက်တွန်းနှိုးဆော်သွားရမှာဖြစ်ပါတယ်။ ဒါမှသာ ဆုံးဖြတ် ချက်မှာပါတဲ့ တိုက်တွန်းချက်တွေကို လေးစားလိုက်နာပြီး အကောင်အထည်ဖော်တာတွေ ရှိလာမှာ ဖြစ်ပါတယ်။ နောက်တဆင့်ကတော့ တကယ်လို့များ လေးစားလိုက်နာမှုမရှိပဲ ချိုးဖောက်ရင်တော့ တိုက်တွန်းမှုနဲ့ မလုံလောက်တော့ဘူး။

ကုလသမဂ္ဂအနေနဲ့ ဒီကိစ္စတွေ အမြန်ဆုံးရပ်တန့်ဖို့အတွက် နောက်ထပ်ဘယ်နည်းကိုသုံးပြီးတော့ အရေးယူ ဝင်ရောက်တားဆီးနိုင်မလဲဆိုတဲ့ လမ်းကြောင်းကို ကျွန်တော်တို့ ခုကတည်းက စတင်ပြီးတော့ ပြောဆိုထားပါတယ်။

ဘယ်အချိန်ပြောင်းလဲလာမလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ လုပ်ဆောင်မယ့်အစား ဘာတွေပြောင်းလာဖို့လိုအပ်တယ်

ဒါတွေပြောင်းလာတဲ့အခါမှာ ဒီအတိုင်းမဖြစ်လာခဲ့ရင် နောက်ထပ် ဘာတွေနဲ့ တုန့်ပြန်သင့်တယ်ဆိုတာကို ကုလသမဂ္ဂကို အခုချိန်ကတည်းက တပ်လှန့်ပြီး လှုံ့ဆော်တာတွေ လုပ်နေပါတယ်ဗျ"- ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသား ညီညွတ်ရေးအစိုးရ **(Human Rights Barometer Episode – 3 ပါ ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်လျှင်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။**

မြန်မာ့အရေးကို ပြည်တွင်းရေးဖြစ်တယ်ဆိုပြီး မျက်နှာလွှဲလက်ရှောင်နေတဲ့ ကုလသမဂ္ဂဝင်နိုင်ငံတွေကို တာဝန်ပေးလိုက်တာဖြစ်တယ်

မြန်မာ့အရေးနှင့် ပတ်သက်သည့် သမိုင်းဝင် ဆုံးဖြတ်ချက် တစ်ရပ်အား ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဒီဇင်ဘာ ၂၂ ရက်တွင် ချမှတ်လိုက်ကာ ယင်းဆုံးဖြတ်ချက်၌ အကြမ်းဖက်စစ်ကောင်စီက လက်ရှိ ကျူးလွန်နေသည့် အကြမ်းဖက်မှုများအား အမြန်ဆုံးရပ်တန့်ရန်၊ နိုင်ငံရေးအကျဉ်းသားများအပြင် ဖမ်းဆီးခံထားရသူအားလုံးအား အမြန်ဆုံး လွှတ်ပေးရန်နှင့် လူ့အခွင့်အရေးအား လေးစားရန် တောင်းဆိုချက်များ ပါဝင်သည်။

ယင်းသို့ သမိုင်းဝင်ဆုံးဖြတ်ချက် ချမှတ်မှုနှင့် ပတ်သက်၍ "ကုလဌာနတွေထဲမှာ အမြင့်ဆုံးဆုံးဖြတ်ချက် ချမှတ်တဲ့ဌာနလို့ ဆိုနိုင်တဲ့ ကုလလုံခြုံရေးကောင်စီအနေနဲ့ လွန်ခဲ့တဲ့ (၇၄) နှစ်အတွင်း မြန်မာနိုင်ငံအပေါ် ပထမဦးဆုံးချမှတ်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အရင်က လူ့အခွင့်အရေးကောင်စီနဲ့ အထွေထွေညီလာခံတို့မှာ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ဘူးပါတယ်။ လုံခြုံရေးကောင်စီမှာလည်း ကြေညာချက် (Statement) တွေ ထုတ်ပြန်ခဲ့ဘူးပါတယ်။ အခု ထုတ်ပြန်ခဲ့တာကတော့ ကောင်စီဆုံးဖြတ်ချက် (resolution) အဆင့်ဖြစ်ပါတယ်။ လေးစားလိုက်နာဖို့လိုအပ်တဲ့အဆင့်ပါ။

ဒီလို ဆုံးဖြတ်နိုင်ဖို့အတွက် အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံနဲ့ အလှည့်ကျအဖွဲ့ဝင် (၁၀) နိုင်ငံက မဲခွဲဆုံးဖြတ်ပြီး မဲအနည်းအများနဲ့ ဆုံးဖြတ်ပါတယ်။ ဒါ့အပြင် အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံထဲက တစ်နိုင်ငံကနေ ဗီတိုအာဏာသုံးပြီး ကန့်ကွက်ရင် အတည်ပြုလို့မရပါဘူး။ အခုလိုဆုံးဖြတ်ချက်ချနိုင်ခြင်းက ဗီတိုအာဏာသုံးပြီး ကန့်ကွက်တဲ့နိုင်ငံမရှိတဲ့အပြင် ထောက်ခံသူ (၁၂) နိုင်ငံ၊ ကြားနေ (၃) နိုင်ငံသာရှိခဲ့လို့ ဆုံးဖြတ်ချက် အတည်ပြု နိုင်ခဲ့တာဖြစ်ကြတယ်။ ထူးခြားချက်က တရုတ်နဲ့ ရုရှားနိုင်ငံတို့က မကန့်ကွက်ဘဲ အိန္ဒိယနိုင်ငံနဲ့အတူ ကြားနေမဲ ပေးခဲ့တာဖြစ်ပါတယ်" ဟု အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက မှတ်ချက်ပြု ပြောဆိုထားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်၌ တိုက်တွန်းချက်များသာ ပါဝင်ကာ လုပ်ဆောင်ရန်အချက်များ မပါဝင်သည့်အတွက် လိုအပ်ချက်များရှိသည်ဟု ဆိုနိုင်သော်လည်း မြန်မာ့အရေးအတွက် နှုတ်ဆိတ်နေသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအပေါ် တပ်လှန့်လိုက်ခြင်းလည်း ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မှတ်ချက်ပြုထားကာ မြန်မာ့ဒီမိုကရေစီရေးအတွက် ဆက်လက်ကြိုးပမ်း လုပ်ဆောင်သွားမည်ဟုလည်း ကတိပြု ပြောကြားထားသည်။

"အခုဆုံးဖြတ်ချက်က ကုလလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအတွက် သမိုင်းဝင်တဲ့ တိုးတက်ပြောင်းလဲသော ခြေလှမ်းတစ်ခုလို့ပြောနိုင်ပြီး အကြမ်းဖက်စစ်ကောင်စီကို တောင်းဆိုမှုနဲ့ နိုင်ငံတကာက လုပ်ဆောင်ရန်ဆိုတဲ့ အချက်တွေ ပါဝင်ပါတယ်။ အကြမ်းဖက် စစ်ကောင်စီကို လက်နက်တင်ပို့ရောင်းချမှုတွေ ရပ်တန့်ရန်ဆိုတဲ့အချက်မျိုးတွေ ကျန်ခဲ့ပါတယ်၊ ဒါတွေကို မလိုက်နာရင် နိုင်ငံတကာအနေနဲ့ ဘယ်လိုအရေးယူ ဆောင်ရွက်မယ်ဆိုတဲ့အဆင့်ထိတော့ မပါဝင်လာသေးပါဘူး။ ဒါပေမဲ့ ဒီဆုံးဖြတ်ချက်ကနေ နိုင်ငံတကာက ဆက်လက် ကြိုးပမ်း

ဆောင်ရွက်ရမယ့်လုပ်ငန်းတွေအတွက် ခွန်အားသက် ရောက်မှု ကြီးကြီးမားမားဖြစ်စေပါတယ်။ အကြမ်းဖက်စစ်ကောင်စီကို နောက်ထပ်အရှိုက်ထိစေတဲ့ လုပ်ဆောင်ချက်နဲ့ ရပ်တည်ချက်တွေကို မဲပေးမှုအပေါ်သုံးသပ်ရင် တွေ့နိုင်ပါတယ်။ အာဆီယံရဲ့လုပ်ဆောင်နိုင်မှုကို ပိုမိုအားကောင်းစေနိုင်ပါတယ်။ မြန်မာ့အရေးကို ပြည်တွင်းရေးဖြစ်တယ်ဆိုပြီး မျက်နှာလွှဲ လက်ရှောင်နေတဲ့ ကုလသမဂ္ဂဝင်နိုင်ငံတွေကို တာဝန်ပေးလိုက်တာ ဖြစ်ပါတယ်။ မြန်မာ့အရေးဟာ ကမ္ဘာမှာမအေးသေးဘူးဆိုပြီး မြန်မာပြည်သူတွေကို အားပေးလိုက်တဲ့ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါတယ်”။

အကြမ်းဖက်စစ်အုပ်စုအပေါ် နိုင်ငံတကာ၏ တုန့်ပြန်အရေးယူ ဆောင်ရွက်ချက်များ

- လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ် ၁၂ ဦးနှင့် အဖွဲ့အစည်း သုံးခုအား ကနေဒါနိုင်ငံက ဒီဇင်ဘာ ၉ ရက်တွင် ပိတ်ဆို့အရေးယူမှုစာရင်း၌ ထည့်သွင်းလိုက်သည်။
- ပြင်သစ်မြို့တော်ဝန်ဘုတ်အဖွဲ့ လူ့အခွင့်အရေးမြို့တော်ဝန် Mr. Romeo Jean-Luc နှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း တို့သည် ဒီဇင်ဘာ ၁၀ ရက်က ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ပြုလုပ်သည့် လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်ပွဲ၌ မိန့်ခွန်း ပြောကြားခဲ့ကာ Mr. Romeo က မြန်မာပြည်သူများနှင့် တသားတည်းရှိကြောင်း ထည့်သွင်းပြောဆိုခဲ့သည်။
- စစ်ရာဇဝတ်မှု ကျူးလွန်သူများအား အရေးယူနိုင်ရေးနှင့် မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု အကူအညီများထောက်ပံ့ရေးအတွက် အမျိုးသား ညီညွတ်ရေး အစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းသည် ပြင်သစ်နိုင်ငံ လူ့အခွင့်အရေး သံတမန် Ms. Delphin Borione နှင့် ဒီဇင်ဘာ ၁၂ ရက်က တွေ့ဆုံကာ ဆွေးနွေးခဲ့ကြသည်။
- ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ဒီဇင်ဘာ ၁၂ မှ ၁၄ ရက် အထိ ပြုလုပ်သည့် GPEDC ထိပ်သီးညီလာခံသို့ မြန်မာ နိုင်ငံရှိ အာဏာသိမ်းစစ်ကောင်စီအား မဖိတ်ကြားကြောင်း ဆွစ်ဇာလန်သံရုံးက ထုတ်ပြန်ကြေညာခဲ့သည်။
- အမျိုးသားညီညွတ်ရေးအစိုးရ – NUG သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်သူ့အစိုးရ ဖြစ်ကြောင်း ဥရောပ ပါလီမန်က ဒီဇင်ဘာ ၈ ရက်တွင် ကြေညာခဲ့ကာ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းကိုလည်း အစိုးရကိုယ်စားလှယ်အဖြစ် ပါလီမန်၌ တက်ရောက်မိန့်ခွန်း ပြောကြားခွင့်ပေးခဲ့သည်။
- အာဏာသိမ်းစစ်ကောင်စီ၏ စစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့ - စရဖနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးလက်အောက်ခံ ခြေမြန်တပ်မဌာနချုပ် ၃၃ နှင့် ၉၉ တို့အား ပိတ်ဆို့ အရေးယူ ကြောင်း ဒီဇင်ဘာ ၉ ရက်တွင် ဗြိတိန်အစိုးရက ထုတ်ပြန် ကြေညာလိုက်သည်။
- အမျိုးသားညီညတ်ရေးအစိုးရ – NUG လူ့အခွင့်အရေး ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းသည် ပြင်သစ်အစိုးရ အနေဖြင့် မြန်မာ့ဒီမိုကရေစီရေးအတွက် ကူညီဆောင်ရွက်သင့်သည့် အချက်များနှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံခြားရေး ဌာန အရှေ့တောင်အာရှ ဌာနမှူး Mr.Jean-Marc Pommeray နှင့် ဒီဇင်ဘာ ၁၂ ရက်တွင် တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။
- တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များနှင့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့များအား နည်းပညာအကူအညီပေးခြင်း အပါ အဝင် မြန်မာ့ဒီမိုကရေစီရေးအတွက် အကူအညီပေးမှုများ ပါဝင်သည့် အမေရိကန်အမျိုးသားကာကွယ်ရေး လုပ်ပိုင်ခွင့် ဥပဒေ - National Defense Authorization Act (NDAA) ကို

အမေရိကန် အထက်လွှတ်တော်က အတည်ပြုလိုက်ပြီ ဖြစ်သည်။ အမေရိကန် အောက်လွှတ်တော်က အတည်ပြု ပြီး ဖြစ်သည့်အတွက် သမ္မတက လက်မှတ်ထိုးပါက ဥပဒေ အဖြစ် အသက်ဝင်လာမည် ဖြစ်သည်။

- ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သံအမတ်ကြီး ဦးကျော်မိုးထွန်းအား တစ်နှစ် ဆက်လက်ထားရှိရန်အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံက ဒီဇင်ဘာ ၁၆ ရက်တွင် သဘောတူညီလိုက်ပြီ ဖြစ်သည်။
- အမျိုးသားညီညွတ်ရေးအစိုးရ – NUG နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင်မှာ ဒီဇင်ဘာ ၁၆ ရက်က ဥရောပသမဂ္ဂ နိုင်ငံခြားရေးဌာန အထွေထွေ အတွင်းရေးမှူး Mr.Stefano Sannino နှင့် တွေ့ဆုံကာ ဥရောပသမဂ္ဂ-အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်သည့် မြန်မာနိုင်ငံအရေးအား တွေ့ဆုံဆွေးနွေးခဲ့သည်။

သေနတ်ထဲ မီးကျည်ထည့် လှမ်းပစ်ပြီး ရှို့တာ သူတို့ အများဆုံး တပ်စွဲတာက ဘုန်းကြီးကျောင်းနဲ့ စာသင်ကျောင်းတွေ

ဒီဇင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်အတွင်းရှိ ရွှေဘုံသာ၊ ဖွားစောနှင့် ဆွဲလွဲအိုကျေးရွာ၊ ကူးတို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ လေ့တင်ဦးကျေးရွာတို့အား အကြမ်းဖက် စစ်ကောင်စီလက်အောက်ခံတပ်များက ဒီဇင်ဘာလ ပထမပတ်နှင့် ဒုတိယပတ်အတွင်း ဆက်တိုက်မီးရှို့မှုများ ပြုလုပ်ခဲ့ရာ ပြည်သူပိုင်နေအိမ် ၁၁၀ ကျော် မီးလောင်ပြာကျ ပျက်စီးခဲ့ကာ ဒေသခံပြည်သူ (၃) ဦး ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခံခဲ့ရကြောင်း ဒေသရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဒီဇင်ဘာ ၆ ရက်က ရွှေဘုံသာ၊ ဒီဇင်ဘာ ၁၂ ရက်က လေ့တင်ဦး၊ ဖွားစောနှင့် ဆွဲလွဲအိုကျေးရွာတို့အား မြောင်နှင့် မြင်းမူအခြေစိုက် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက ဝင်ရောက် မီးရှို့ဖျက်ဆီးခြင်း ဖြစ်ကာ ဖွားစောရွာမှ အသက် ၂၀၊ ၂၅ နှင့် ၄၅ အရွယ် အမျိုးသားသုံးဦး ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရကာ နှစ်ဦးမှာ ဆိုင်ကယ်ဖြင့် ပူးတွဲတုပ်နှောင်၍ မီးရှို့ သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် အမျိုးသားနှစ်ဦးမှာလည်း အကြမ်းဖက် စစ်ကောင်စီတပ် ဖွဲ့ဝင်များပစ်ခတ်မှုကြောင့် ခြေထောက်၌ ကျည်သင့်ဒဏ်ရာ ရရှိခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီ စစ်ကြောင်းမှာ နိုဝင်ဘာလ အတွင်းကလည်း ရွှေဘုံသာရွာအား ဝင်ရောက်စီးနင်း မီးရှို့စဉ်က မသန်စွမ်းအမျိုးသားတစ်ဦးအား ပစ်ခတ်သတ်ဖြတ်ခဲ့ရာ ကျည်သင့် ဒဏ်ရာဖြင့် မသေမီ ရေနစ်သတ်ထား သည့် လက္ခဏာများ တွေ့ရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က ခွေးတွေလာတော့မယ်ဆိုရင် တစ်ရွာလုံးကို မီးတွေ ပိတ်ထားခဲ့တာ။ သူတို့က ရွာထဲဝင်ပြီး မီးဖွင့်လိုက်တယ်။ မီးဖွင့်လိုက်တော့ သူတို့ကိုမြင်သွားပြီး ပစ်ထည့်လိုက်တာ နေရာမှာတင် သုံးယောက် သေသွားတယ်။ ခြေထောက် ဒဏ်ရာရသွားတာက နှစ်ယောက်။ ဖွားစောရွာသားတွေပါ။ ဆုံးသွားတဲ့(၃)ယောက်မှာ (၂) ယောက်ကို ဆိုင်ကယ်နဲ့တုတ်ပြီး မီးရှို့လိုက်တာ။ ဒီဘက်တွေမှာ ရှို့တာတော့ ပုံစံ (၂) မျိုး တွေ့တယ်။ ပထမတစ်မျိုးကတော့ လောင်စာတွေနဲ့ စောင်တွေကို မီးရှို့ပြီး အိမ်မှာချိတ်လိုက်တယ်၊ ပြီးတော့ ဆက်လောင်သွားတာ။ အဲဒါတော့ ပုံမှန်မီးရှို့တာ။ (၁၁) လပိုင်းမှာ ရှို့တာက (၉) ရွာနော်။ အဲဒီရွာတွေမှာရှို့တာကတော့ သေနတ်ထဲမှာ မီးကျည်ထည့်ပြီး ရှို့တာ၊ လှမ်းပြီးတော့ပစ်ပြီး အဲဒီလို ရှို့တာပါ။

နံပါတ်တစ်ဦးစားပေးအနေနဲ့ တပ်စွဲတာက ဘုန်းကြီးကျောင်းပဲ။ နံပါတ်နှစ်အနေနဲ့ကတော့ စာသင်ကျောင်းတွေ။ အဆောက်အဦလည်း ကောင်းတယ် လုံခြုံမှုလည်းရှိတယ်။ ပြီးတော့ သူတို့ကိုလာပစ်ရင်တောင်မှ အကာအကွယ် ရှိပြီး သားဆိုတော့။ နံပါတ် (၁) အနေနဲ့ စစ်တိုက်တဲ့နေရာတွေမှာလည်း သာသနိက အဆောက်အအုံ တွေပျက်စီးမှာလည်း စိုးရိမ်ကြတယ်လေ။ လုပ်ဖို့ အခွင့်အရေးရရင်တောင် ရှောင်ကြပါတယ်။ ဘုန်းကြီးကျောင်းတွေမှာကလည်း အများဆုံးကစစ်ဘေး

ရှောင်တွေကနေကြတယ်။ ဘုန်ကြီးတွေကလည်း ကျောင်းတိုင်း ဘုန်းကြီး မပြေးကြဘူး၊ နေကြတယ်။ အဲ့ဒီ အချက်သုံးချက် ကြောင့် ကာကွယ်ရေးတပ်တွေက ရှောင်ကြပါတယ်။ အဲဒါကိုသိ ထားတဲ့အတွက်ကြောင့် ဘုန်ကြီးကျောင်း တွေကို အများဆုံး တပ်ဖွဲ့ပါတယ်" –**ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး**

"အာဏာသိမ်းစစ်ကောင်စီအနေနဲ့ လက်ရှိကျူးလွန်နေတဲ့အကြမ်းဖက်မှုတွေကို အမြန်ဆုံးရပ်တန့်ဖို့၊ နိုင်ငံရေးအကျဉ်းသား များ အပါအဝင် ဖမ်းဆီးခံထားရတဲ့သူတွေအားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးဖို့၊ လူ့အခွင့်အရေးလေးစားဖို့စတဲ့ တောင်း ဆိုချက်တွေက ဒီဆုံးဖြတ်ချက်မှာ ပါဝင်နေတာပါ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်အပေါ် နိုင်ငံတကာ အနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အစွမ်းကုန် တိုက်တွန်းအားပေးဖို့ လုပ်ဆောင်နေပါတယ် -

ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (ဧရာဝတီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ချက်) (ဒီဇင်ဘာ ၂၇)

စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

၁.၉ သန်းကျော်

စစ်တပ်အာဏာသိမ်းပြီး နှစ်နှစ်နီးပါးခန့်အထိဖြစ်သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်အထိ နိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခ များကြောင့် နိုင်ငံအတွင်း ပြည်တွင်းစစ်ဘေးရှောင် ဒုက္ခသည် ၁,၉၁၂,၇၆၉ (၁.၉ သန်းကျော်) ထက်မနည်း ရှိလာခဲ့သည်။ စစ်ဘေးရှောင်ဒုက္ခသည် အများဆုံးဒေသမှာ စစ်ကိုင်းတိုင်း ဖြစ်ကာ ၎င်းဒေသ စုစုပေါင်းလူဦးရေ၏ ၁၅ ရာခိုင်နှုန်းဖြစ်သည့် ၇၉၄,၂၂၈ ဦးထက်မနည်းမှာ စစ်ရှောင်နေကြရသည်။
ပြည်တွင်းစစ်ရှောင် ဒုက္ခသည် တိုးလာမှုမှာ ၂၀၂၂ ခုနှစ်အတွင်း၌ အများဆုံးဖြစ်ကာ ၁,၃၅၅,၁၄၄ ဦးထက်မနည်း ရှိကာ ၂၀၂၂ ခုနှစ် အောက်တိုဘာ၌ တစ်လတည်း စစ်ရှောင်ဦးရေ ၁၇၉,၂၀၅ ဦးထက်မနည်း တိုးလာခဲ့ခြင်း ဖြစ်သည်။

၁,၄၈၉ + ၉၉,၅၅၀

ချင်းပြည်နယ်အတွင်း ပြည်သူပိုင်နေအိမ်နှင့် အဆောက်အအုံ များ မီးရှို့ဖျက်ဆီးခံရမှုမှာ ၁,၄၈၉ လုံးထက်မနည်း ရှိခဲ့ကာ ထန်တလန်တစ်မြို့နယ်တည်း၌ ၁,၃၂၅ ထက်မနည်း ရှိခဲ့သည်။ နေအိမ်နှင့် အဆောက်အအုံများ မီးရှို့ဖျက်ဆီးခံရခြင်း၊ လက် နက်ကိုင်ပဋိပက္ခများကြောင့် စစ်ရှောင်ရသည့် ပြည်တွင်း စစ်ပြေး ဒုက္ခသည်ပေါင်း ၉၉,၅၅၀ ထက်မနည်း ရှိကာ ဟားခါးတစ်မြို့နယ်တည်း၌ ၃၅,၀၀၀ ထက်မနည်း ရှိသည်။ ထို့ပြင် မြန်မာ-အိန္ဒိယနယ်စပ် မီဇိုရမ်ပြည်နယ်ဘက်သို့ နယ်စပ် ဖြတ်ကျော်ထွက်ပြေးရသည့် ဒုက္ခသည်ပေါင်း ၄၀,၀၀၀ ထက် မနည်း ရှိနေသည်။

ချင်း ၄ = +၅၉၂

ချင်းပြည်နယ်ရှိ မြို့နယ်ကိုးခု၌ စစ်တပ်အာဏာသိမ်းပြီးချိန်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာအထိ လက်နက်ကိုင်တိုက်ပွဲပေါင်း ၅၉၂ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့ကာ တိုက်ပွဲများမှာ စစ်ကောင်စီတပ်များနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ EAOs များအကြား ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ၎င်းအနက် ၁၂၅ ကြိမ်ထက်မနည်းမှာ မင်းတပ်မြို့နယ်၌ ဖြစ်ပွားခြင်းဖြစ်ကာ လေကြောင်းတိုက်ခိုက်မှု စုစုပေါင်း ၃၃ ကြိမ်ထက်မနည်းရှိသည့်အနက် ရက္ခိုင့်တပ်မတော် - AA လှုပ်ရှားမှုများရှိသည့် ပလက်ဝမြို့နယ်တစ်ခုတည်း၌ ၂၇ ကြိမ်ထက်မနည်း ရှိခဲ့သည်။

၂,၆၈၉

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာသိမ်းမှုအား ဖြစ်ပေါ်လာသည့် နွေဦးတော်လှန်ရေးကာလအတွင်း ဒီမိုကရေစီလှုပ်ရှားသူများနှင့် ပြည်သူများ ကျဆုံးခဲ့ရမှုမှာ ၂,၆၈၉ ဦးအထိ ရှိလာခဲ့ပြီ ဖြစ်သည်။

၁၃,၃၀၀

စစ်တပ်က အာဏာသိမ်းယူသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရသူပေါင်း ၁၃,၃၀၀ အထိ ရှိကာ ၁,၉၄၀ ဦးမှာ မတရားထောင်ဒဏ်များ ချမှတ်ခံထားရသည်။ ၎င်းတို့အနက် အာမခံရရှိမှု၊ လွတ်ငြိမ်းချမ်းသာခွင့်များဖြင့် ပြန်လည်လွတ်မြောက်လာသူ ၃,၄၆၃ ဦး ရှိသည်။ ထို့ပြင် သေဒဏ်ချမှတ်ခံထားရသူ ၁၄၂ ဦးအထိ ရှိကာ မျက်ကွယ်သေဒဏ်ပေးခံရသူ ၄၂ ဦးနှင့် အကျဉ်းထောင်အသီးသီး၌ ထိန်းသိမ်းခံထားရဆဲ ၁၀၀ ဦး ရှိသည်။

ဆန်ခါ ၆-၁

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံခင်းကျေးရွာအုပ်စု၊ ဆန်ခါကျေးရွာအတွင်းသို့ ဒီဇင်ဘာ ၃၀ ရက်က အကြမ်းဖက် စစ်အုပ်စု ပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သား ခြောက်ဦး ကျည်ထိမှန်ခဲ့ကာ ကွန်ဂျာနော် ဆိုသူမှာ ဆေးရုံအရောက်၌ သေဆုံးခဲ့သည်။

အကြမ်းမဖက် CDM = ၅ နှစ် + သေဒဏ်

ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ ထိပ်ပုတ်ကုန်းကျေးရွာ အထက်တန်းကျောင်းခွဲမှ စစ်အာဏာရှင်ဆန့်ကျင်ရေး အကြမ်းမဖက်လှုပ်ရှားမှု - CDM တွင် ပါဝင်သည့် မူလတန်းပြ ကျောင်းဆရာ ကိုကောင်းခန့်ကျော်အား ဟသ်ာတ အကျဉ်းထောင် အထူးတရားရုံးက အကြမ်းဖက်မှုတိုက်ဖျက် ရေးဥပဒေပုဒ်မ ၃၁၊ ရာဇသတ်ကြီးပုဒ်မ ၃၀၁ (၁)(ဂ) တို့ဖြင့် ဒီဇင်ဘာ ၃၀ ရက်က သေဒဏ် ချမှတ်လိုက်သည်။ ၎င်းမှာ ၂၀၂၁ ခုနှစ် အောက်တိုဘာလက ဖမ်းဆီးခံရခြင်းဖြစ်ကာ ဩဂုတ်လ၌ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (ည) ဖြင့် ထောင်ဒဏ် ငါးနှစ်ချမှတ်ခံထားရပြီးဖြစ်သည်။ ထို့နောက် သပြေကုန်းကျေးရွာစစ်တပ်သတင်းပေး ဦးဝင်းညွန့်အောင် သတ်ဖြတ်ခံရမှု၌ သံသယရှိသည်ဟုဆိုကာ ထပ်မံတရားစွဲ သေဒဏ်ချမှတ်လိုက်ခြင်း ဖြစ်သည်။

ကိုးကား - AAPP, ISP Data Matter

တပ်ဖွဲ့ဝင်အချင်းချင်း ရဲဘော်ရဲဘက်စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။